ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ကောင်းမွန်သော ပျားမွေးမြူရေးကျင့်စဉ်

# Good Beekeeping Practice (GBP)

ရက်စွဲ၊ ၂၀၁၈ ခုနှစ် မတ်လ ရက်

# ကောင်းမွန်သောပျားမွေးမြူရေးကျင့်စဉ်
# Good Beekeeping Practice (GBP)

## လိုက်နာရမည့် အချက်များ

၁။ ပျားစခန်းနေရာချထားခြင်း
၂။ ပျားရောဂါကာကွယ်ကုသခြင်း
၃။ ပျားဘုရင်မမွေးမြူခြင်း
၄။ ပျားအုံပြုစုပျိုးထောင်ခြင်း
၅။ စံချိန်မီပျားရည်နှင့် ပျားထွက်ပစ္စည်း ထုတ်ယူသိုလှောင်သိမ်းဆည်းခြင်း
၆။ ပျားမွေးမြူရေး လုပ်ကိုင်သူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး
၇။ လုပ်ငန်းကျွမ်းကျင်မှု
၈။ တံဆိပ်ကပ်ခြင်း
၉။ မှတ်တမ်းများထားရှိခြင်း

## ၁။ ပျားစခန်းနေရာချထားခြင်း

၁.၁ ချထားမွေးမြူမည့်နေရာဒေသနှင့်သက်ဆိုင်သည့် ပြည်နယ်/တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများထံ သတင်းပို့ရမည်။

၁.၂ ဝတ်ရည်၊ ဝတ်မှုန်လုံလောက်သောနေရာ ဖြစ်ရမည်။

၁.၃ စက်ရုံအလုပ်ရုံများနှင့် နီးသောနေရာမဖြစ်စေရ၊ (မိလ္လာ၊ နွံဗွက်၊ ဖုန်၊ သဲ) ထူထပ်သောနေရာတွင် ချထားမွေးမြူခြင်းမပြုရ။

၁.၄ လူအများနှင့်သက်ဆိုင်သောနေရာ၊ လမ်းမကြီးဘေး ဥပဒေအရတားမြစ်ကန့်သတ်ထားသောနေရာများတွင် ချထားခြင်းမပြုရ။

၁.၅ ရေကောင်းရေသန့်ရရှိသော နေရာဖြစ်ရမည် (သို့မဟုတ်) စီစဥ်ပေးရမည်။

၁.၆ စိုက်ခင်းများတွင် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲသောနေရာမဖြစ်စေရ။

၁.၇ ဒေသခံပျားများ၏အစာလုယူမှုများသောနေရာမဖြစ်စေရ။

၁.၈ နေရောင်ခြည်ကောင်းစွာရရှိပြီး လေအကာအကွယ်ရ၍ အရိပ်ကောင်းသော နေရာဖြစ်ရမည်။

၁.၉ ပျားစားငှက်နှင့် ပျားဖျက်ကောင်များပေါများသောနေရာမဖြစ်စေရ။

၁.၁၀ ပျားအုံများအား မြေပြင်မှ အနည်းဆုံး (၉) လက်မခန့်အမြင့်တင်ပြီး မွေးမြူရန်နှင့် ပျားအုံတန်းဝန်းကျင် (၃) ပေပတ်လည်ခန့် အမြဲသန့်ရှင်းထားရမည်။

၁.၁၁ ပျားအုံရွှေ့ပြောင်းမွေးမြူခြင်းဆိုင်ရာ လိုက်နာရမည့် စည်းမျဥ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## ၂။ ပျားရောဂါကာကွယ်ကုသရေး

### ၂.၁ ဇီဝနည်းဖြင့် ကုသခြင်း (Biology Control)

၂.၁.၁ ပျားနှင့်မွှားတို့၏ဘဝစက်ဝန်း (Life Cycle) အလိုက် ကုသနည်းကိုအသုံးပြုရမည်။

၂.၁.၂ ပျားဘုရင်မ (၂၁) ရက်ထိန်းချုပ်ကုသနည်းကိုအသုံးပြုရမည်။

၂.၁.၃ သင်းခွဲကုသနည်းကိုအသုံးပြုရမည်။

၂.၁.၄ ပျားထီးဆဲလ်ထောင်ချောက်ဖြင့် ကုသနည်းကိုအသုံးပြုရမည်။

၂.၁.၅ ပျားရောဂါဒဏ်ခံနိုင်ရည်ရှိသော (VSH) ပျားဘုရင်မမျိုးရိုးမြှင့်တင်ကုသနည်းကို အသုံးပြုရ မည်။

၂.၁.၆ Hygiene ကောင်းမွန်သော ပျားဘုရင်မများဖြင့် ပျားအုံများကို ဦးဆောင် မွေးမြူရမည်။

၂.၁.၇ Formic acid, Oxylic acid များကို အသုံးပြုကုသရမည်။

၂.၁.၈ သားလောင်းပုပ်ရောဂါဖြစ်ပွားပါက မီးရှို့ကုသရမည်။

## ၂.၂ ဓာတုနည်းဖြင့်ကုသနည်း (Chemical Control)

၂.၂.၁ သုံးစွဲသည့်ဆေးဝါးသည် ဌာနမှထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုထားသော ဆေးဝါးဖြစ်ရမည်။

၂.၂.၂ ဆေးယဉ်ပါးမှုမဖြစ်စေရန် ဆေးဝါးများကိုပြောင်းလဲသုံးစွဲရမည်။

၂.၂.၃ ဌာန၏ ရောဂါကာကွယ်၊ ကုသမှုဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရပါမည်။

၂.၂.၄ Antibiotic,(Oxytetracyline,Tetracycline, Cheloremphynicol) ဆေးဝါးများလုံးဝမသုံးစွဲရ။

၂.၂.၅ Amitraz ဆေးဝါးအား ပျားရည်ထုတ်ကာလအတွင်း လုံးဝမသုံးစွဲရ။

၂.၂.၆ မွှားရောဂါကုသမှုအတွက် ဆေးများကို ပျားရည်ထုတ်ရာသီအတွင်း နှင့် ပျားရည်ထုတ်ရာသီမတိုင်မီ (၆) ပတ် အကြိုကာလ (Pre Harvest Interval) အတွင်း လုံးဝမသုံးစွဲရ။

၂.၂.၇ ပျားရောဂါ ကာကွယ်ကုသရေး လုပ်ငန်းစဉ်များ ပြီးဆုံးပါက ပျားအိမ်နှင့် အသုံးပြုသည့် ပစ္စည်းများအားလုံး ဆေးကြောသန့်ရှင်း ရေးပြုလုပ်ရမည်။

## ၃။ ပျားဘုရင်မမွေးမြူခြင်း

၃.၁ သန့်ရှင်းမှုကောင်းမွန်သော ပျားဘုရင်မမျိုးများအား အသုံးပြုမွေးမြူရပါ မည်။

၃.၂ မျိုးခြားသားစပ်ခြင်းဖြင့် မွေးမြူခြင်းကို ဆောင်ရွက်ရပါမည်။

၃.၃ မျိုးကောင်းမျိုးသန့် ပျားထီးမွေးမြူခြင်းကို ဆောင်ရွက်ပေးရပါမည်။

၃.၄ ပျားဘုရင်မ နှစ်စဉ်လဲလှယ်ပေးရပါမည်။

၃.၅ အရည်အသွေးကောင်း ပျားဘုရင်မရရှိနိုင်သည့် ပျားစာ၊ နေရာ၊ ဒေသနှင့် အချိန်ကာလတွင် အမြောက်အမြား မွေးမြူထုတ်လုပ်ရမည်။

၃.၆ ပျားဘုရင်မမေထုန်မဲ့သားစပ်ခြင်း (Artificial Insemination)ဖြင့် ရရှိသော မျိုးကောင်းမျိုးသန့် ပျားဘုရင်မများကို အသုံးပြုရပါမည်။

## ၄။ ပျားအုံများပြုစုပျိုးထောင်ခြင်း

၄.၁ ပျားစာပင်ပြက္ခဒိန် (Bee Calendar) ရေးဆွဲထားရမည်။

၄.၂ ရာသီအလိုက်ကိုင်တွယ်ထိန်းသိမ်းခြင်း (Seasonal Management)ကို အထူးကျွမ်းကျင်ရမည်။

၄.၃ ပျားအဟာရပြည့်ဝသော ဖြည့်စွက်စာ (၁,၂) ကိုသာ တိုက်ကျွေးရမည်။

၄.၄ ဖြည့်စွက်စာ (၁,၂) တိုက်ကျွေးချိန်တွင် Antibiotic ဆေးဝါးများရောနှော တိုက်ကျွေးခြင်းလုံးဝမပြုလုပ်ရ။

၄.၅ ပျားဘုရင်မနှင့် ပျားသလက်ချပ်များအား နှစ်စဉ်လဲလှယ်ပေးရမည်။

၄.၆ ပျားအုံနှင့် ပျားများအား နှောက်ယှက်ဖျက်စီးမှုဘေးမှ ကင်းဝေးအောင် ဆောင်ရွက်ထားရမည်။

၄.၇ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရာသီဥတု ပြောင်း လဲမှုအခြေအနေ သိရှိနားလည်ထားရမည်။

၄.၈ သဘာဝဘေးအန္တရာယ်များအား ကျရောက်ပါက အမြန်ဆုံးနှင့် အထိရောက်ဆုံးသောနည်းလမ်းများအသုံးပြု၍ စီမံဆောင်ရွက်ရမည်။

၄.၉ ပျားသောက်ရေ လုံလောက်စွာရရှိရေးအတွက် စီမံဆောင်ရွက်ပေးရမည်။

၄.၁၀ ပျားအိမ်နှင့် ဆက်စပ်ပစ္စည်းများအားလုံး နှစ်စဉ် Caustic Soda ဖြင့် ပြုတ် ဆေးသန့်စင်ခြင်းနှင့် ဆေးသုတ်ခြင်း ဆောင်ရွက်ရမည်။

## ၅။ စံချိန်မီပျားရည်နှင့် ပျားထွက်ပစ္စည်းထုတ်ယူသိုလှောင်ခြင်း (ပျားစခန်း)

၅.၁ သားလောင်းဘောင်မှ ပျားရည်များ ထုတ်ယူခြင်းမပြုရ။

၅.၂ ထပ်ဆင့်ပျားအိမ်မှ ၂ / ၃ ပုံ ပျားဖယောင်းဖုံးအုပ်ပြီးသော ပျားရည်ချပ်များကိုသာ ထုတ်ယူရမည်။

၅.၃ ရွှေ့ပြောင်းနိုင်သော ပျားရည်ထုတ်ခန်းများကို အသုံးပြု၍ ထုတ်ယူရမည်။

၅.၄ ပျားသလက်ဘောင်များအား မြေကြီးပေါ်တွင် ချထားခြင်း ထောင်ထားခြင်း လုံးဝမပြုလုပ်ရ။

၅.၅ ထုတ်လုပ်သိုလှောင်သည့် ပတ်ဝန်းကျင်နှင့် လုပ်ငန်းသုံးပစ္စည်းများ၏ သန့်ရှင်း မှုဂရုပြုလိုက်နာဆောင်ရွက်ရမည်။

၅.၆ စိုစွတ်သောနေ့တွင် ပျားရည်ထုတ်ယူခြင်းမပြုရ။

၅.၇ စတီး (Stainless Steel) ဖြင့်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများကို အသုံးပြုရမည်။

၅.၈ ပျားရည်နှင့် ပျားထွက်ပစ္စည်းများအား ဆေးကြောသန့်စင်ထားသော ပလပ်စတစ် (Food Grade) ပေပါအတွင်းသို့ လေလုံအောင်ပိတ်ပြီး အေး၍ခြောက် သွေ့သောနေရာတွင် သိုလှာင်သိမ်းဆည်းရမည်။

၅.၉ ရရှိလာသောဝတ်မှုန်များအား သင့်တင့်သောအပူချိန်တွင် အခြောက်ခံသန့်စင်ပြီး လေလုံသောသန့်စင်သည့်ပုံးတွင်ထည့်ပြီး အေး၍ခြောက်သွေ့သောနေရာ တွင် သိုလှောင်သိမ်းဆည်းရမည်။

၅.၁၀ ရရှိလာသော ပျားဖယောင်းကြမ်းများအား ရေနွေးငွေ့သုံး ဖယောင်းကြိုကိရိယာ (Stream Wax Melter) ဖြင့် ထုတ်ယူ၍ ရရှိသောပျားဖယောင်းချောအား ထုပ်ပိုးပြီး အေး၍ခြောက်သွေ့သောနေရာတွင် စနစ်တကျ သိမ်းဆည်းရမည်။

## ၆။ ပျားမွေးမြူရေးလုပ်ကိုင်သူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး

၆.၁ ကျန်းမာရေးကောင်းမွန်ရမည်ဖြစ်ပြီးနှစ်စဉ်ကျန်းမာရေးစစ်ဆေးရမည်။

၆.၂ ပျားမွေးမြူရေးလုပ်သားများသည် သင့်တော်သည့် အကာအကွယ်ပစ္စည်းများ ဝတ်စုံအပြည့်အစုံကို ဝတ်ဆင်၍ လိုအပ်လျှင် ပျားကာမျက်နှာဖုံး ဝတ်ဆင်ရမည်။

၆.၃ ပျားရည်နှင့် ပျားထွက်ပစ္စည်းထုတ်လုပ်သည့်နေရာ ကူးစက်ရောဂါခံစား နေရသူများ ပါဝင်ဆောင်ရွက်ခြင်း မပြုစေရန်။

၆.၄ ပျားအုံများ ရွှေ့ပြောင်းသယ်ယူသည့်အချိန်တွင် ဘေးအန္တရာယ်ကင်းရှင်း စေရေးကို အလေးထားဆောင်ရွက်ရမည်။

## ၇။ လုပ်ငန်းကျွမ်းကျင်မှု

၇.၁ ပျားမွေးမြူရေး ကျွမ်းကျင်လုပ်သားများသည် အခြေခံပညာအလယ် တန်း အဆင့်ရှိရမည်။

၇.၂ ပျားမွေးမြူသူများသည် ပျားထွက်ပစ္စည်းထုတ်လုပ်ရေးနှင့် ပျားမွေးမြူ ရေး သင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်။

၇.၃ ပျားမွေးမြူသူများ၏ လုပ်ငန်းကျွမ်းကျင်မှုအား ပုံမှန်စစ်ဆေးပေးရမည်။ လိုအပ်ပါက မွမ်းမံသင်တန်းများ တက်ရောက်ရမည်။

၇.၄ ပျားမွေးမြူရေးလုပ်ကိုင်သူများသည် ဒေသန္တရစည်းကမ်းများကို နားလည် သဘောပေါက်လိုက်နာရမည်။

၇.၅ ပုဂ္ဂလိကပျားမွေးမြူမှုလိုင်စင်ကို လုပ်ငန်းကျွမ်းကျင်မှု စစ်ဆေးပြီးမှသာ ထုတ်ပေးရမည်။

## ၈။ တံဆိပ်ကပ်ခြင်း

| | | |
|---|---|---|
| ၈.၁ ပျားမွေးမြူသူအမည် | - | ------------------------------ |
| ၈.၂ နေရာဒေသ | - | ------------------------------ |
| ၈.၃ ပျားစာအမည် | - | ------------------------------ |
| ၈.၄ ထုတ်ယူသည့်ရက်စွဲနှင့်အကြိမ် | - | ------------------------------ |
| ၈.၅ ရေပါဝင်နှုန်း | - | ------------------------------ |
| ၈.၆ အလေးချိန် | - | ------------------------------ |
| ၈.၇ မှတ်ချက် | - | ------------------------------ |
| ၈.၈ လက်မှတ် | - | ------------------------------ |

## ၉။ မှတ်တမ်းများထားရှိသိမ်းဆည်းခြင်း

၉.၁ ပျားရောဂါကာကွယ်ကုသမှုမှတ်တမ်း

၉.၂ ပျားစာတိုက်ကျွေးမှုမှတ်တမ်း

၉.၃ ပျားအုံစစ်ဆေးရေးမှတ်တမ်း

၉.၄ သင်တန်းတက်ရောက်မှုမှတ်တမ်း

၉.၅ ပျားရည်နှင့်ပျားထွက်ပစ္စည်းထုတ်ယူမှုမှတ်တမ်း

၉.၆ ပျားဘုရင်မမွေးမြူရေးမှတ်တမ်း

၉.၇ ရွှေ့ပြောင်းမွေးမြူမှုမှတ်တမ်း

၉.၈ နောက်ကြောင်းလိုက်(ရာဇဝင်)မှတ်တမ်း

(မှတ်တမ်းများအားလုံး သက်ဆိုင်ရာအစိုးရသတ်မှတ်ချက်ဖြင့် အချိန်တစ်ခု အတွင်းသော်လည်းကောင်း အနည်းဆုံး (၃) နှစ်သော်လည်းကောင်း ထိန်းသိမ်းထားရှိရမည်။)

## ---------------------- ဘဏ္ဍာနှစ် ပျားရောဂါကာကွယ်၊
## ကုသမှုမှတ်တမ်း

| စဉ် | အုံ အမှတ် | နေရာ ဒေသ | ကျရောက်သည့် ရောဂါ အမည် | ကုသသည့်စနစ် ဇီဝနည်း/ ဓါတုနည်း | အသုံးပြုသည့် ဆေးဝါး | ကုသသည့် ဆေးတွင် ပါဝင်သည့် ဓါတုပစ္စည်း | စတင် ကုသသည့် ရက် | ကုသမှု ပြီးဆုံး သည့်ရက် | အကျိုး သက်ရောက်မှု အခြေအနေ | စစ်ဆေးသူ လက်မှတ် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

# ပျားစာတိုက်ကျွေးမှုမှတ်တမ်း

| စဉ် | အုံအမှတ် | နေရာဒေသ | ကျွေးသည့် အစာတွင် ပါဝင်သော ပစ္စည်း | ပါဝင်သော ပစ္စည်းများ၏ ထုတ်လုပ်ခဲ့မှု အခြေအနေ (သဘာဝစာ/ အစားထိုးစာ) | သုံးစွဲသည့် ပမာဏနှုန်း/အုံ/ စုစုပေါင်း/နှစ် | ကိုယ်ပိုင် ထုတ်လုပ် ခြင်း/ဝယ် ယူခြင်း | တွေ့ရှိချက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

# သင်တန်းတက်ရောက်မှုမှတ်တမ်း

| စဉ် | သင်တန်းအမည် | တက်ရောက်သည့်ကာလ | | ဖွင့်လှစ်သည့် အဖွဲ့အစည်း | ထုတ်ပေးသူလက်မှတ် |
|---|---|---|---|---|---|
| | | မှ | ထိ | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

# ပျားရည်ထုတ်ယူသိမ်းဆည်းမှုအခြေအနေ

| ပိုင်ရှင် အမည် | ပျားအုံ အရေ အတွက် | ချထား သည့် နေရာ | စတင် ချထားသည့် ရက်စွဲ | ထုတ်ယူရရှိသည့် | | | ပျားစခန်းတွင် သိမ်းဆည်း ထားသည့် အခြေအနေ | ချထားသိမ်းဆည်းထားသည့် နေရာကြောင့် အရည်အသွေးကျဆင်းမှုရှိ/မရှိ |
|---|---|---|---|---|---|---|---|---|
| | | | | ရက်စွဲ | ပျားရည် အမျိုး အစား | အလေး ချိန် | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

၁၂

# ရွှေ့ပြောင်းမွေးမြူမှုမှတ်တမ်း

| စဉ် | ရွှေ့ပြောင်းမွေးမြူသည့် ရက်စွဲ | ခရီးစဉ် | | ရရှိသည့် ကာလ | | သက်ဆိုင်ရာမြို့နယ်မှူး၏ လက်မှတ်ပါ/မပါ ရွှေ့ပြောင်းမွေးမြူခွင့် | စစ်ဆေးသူမြို့နယ်မှူး | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | မှ | သို့ | မှ | ထိ | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

# ပျားဘုရင်မမွေးမြူမှုမှတ်တမ်း

| စဉ် | CBC အုံအရေအတွက် | သားလောင်းကော်သည့်ရက် | | ပျားဘုရင်မပျိုပေါက်သည့်ရက် | | မိတ်အောင်ပျားဘုရင်မရရှိသည့် | | ပျားဘုရင်မအရည်အသွေး | | | ဖြန့်ဝေမှု | | မျိုးရိုးဇာတိ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရက်စွဲ | အရေအတွက် | ရက်စွဲ | အရေအတွက် | ရက်စွဲ | အရေအတွက် | ကောင်း | သင့် | ညံ့ | ရောင်း | အစားထိုး | ပျားထီး | ပျားဘုရင်မ |
| | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |
| | | | | | | | | | | | | | | |

# ပျားအုံစစ်ဆေးသည့် မှတ်တမ်း

| စဉ် | အုံနံပတ် | ပျားအုံစစ်ဆေးသည့် နေ့ | ရုပ်ဖုံး သားလောင်း | ရုပ်ပွင့် သားလောင်း | အစာ ဘောင် | ပျားဘုရင်မရှိ/မရှိ | စုစုပေါင်း ဘောင် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |